**အမှန်အတိုင်းဖြစ်စေရေး။ ။ "သေဆုံးခြင်း၊ လိမ်ညာခြင်းများနှင့် ဗွီဒီယိုတိတ်" ကို တုန့်ပြန်ခြင်း။**
**မက်သရူးစမစ် နှင့် အေမီစမစ် တို့မှ ပြောကြားခြင်း။**

ဇူလိုင်လ (၂၄)ရက်နေ့ပါ အယ်ဒီတာ့အာဘော်ဖြစ်သော "သေဆုံးခြင်း၊ လိမ်ညာခြင်းများနှင့် ဗွီဒီယိုတိတ်" တွင် ဒေးဗစ်စကော့မက်သီစင်က မြန်မာနိုင်ငံရှိ အဖြစ်အပျက်များနှင့် ပတ်သက်ပြီး "အတည်မပြုရသေးသော၊ စိစစ်ထားခြင်း မရှိသော သတင်းအချက်အလက်" ကို ဖြန့်နေခြင်းအကြောင်း ပြောခြင်းအားဖြင့် "လွဲမှားစွာ အစီရင်ခံခြင်းနှင့် အလွန်အကျွံဇာတ်နာအောင်လုပ်ခြင်းတို့၏ အန္တရာယ်အကြောင်းကို" ဆီလျော်စွာ ပြောဆိုခဲ့သည်။ လူ့အခွင့်အရေးအဖွဲ့အစည်းဖြစ်သည့်အတွက် ဤအန္တရာယ်များကို ကျွန်တော်တို့ ကောင်းစွာ သဘောပေါက်ပြီး "အမှန်အတိုင်းဖြစ်စေရေး" သည် အရေးကြီးကြောင်းသိပါသည်။

ဖြစ်နိုင်ခြေရှိမှုသည် လူ့အခွင့်အရေးမှတ်တမ်းတင်မှုများ၏ အခြေခံဖြစ်ပြီး မတိကျသော သတင်းအချက်အလက်များကို ဖြန့်ဝေခြင်းသည် ပြင်းထန်သော ချိုးဖောက်မှုများမှ အာရုံကို လွှဲခြင်းသာမက လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ ယုံကြည်ရသော တိကျသည့် သတင်းအချက်အလက် ထုတ်ပြန်ရေးကို သံသယ ဖြစ်စေသည်။ မစ်စတာ မက်သီစန် ပါးနပ်စွာ ပြောသကဲ့သို့ပင် "သတင်းအမှားပေးခြင်းသည် အစိုးရဘက်မှ ငြင်းဆန်သူများနှင့် ပဋိပက္ခ ဖန်တီးသူများက လမ်းကြောင်းလွှဲ အပြစ်တင်ရန် အသုံးချ၍ ရသည်။"

သို့သော်လည်း "သတင်းလိမ်" ၏ အန္တရာယ်များအကြောင်းကို သတိပေးရာတွင် မစ္စတာ မက်သီစင်က Fortify Rights မှ ဖြန့်ဝေသော ဂရပ်ဖစ် ဗွီဒီယို အတိုလေးကို ထောက်ပြပြီး "လူမှုကွန်ယက်တွင် မစစ်ထုတ်ထားသော သတင်းအချက်အလက်များ၏ အန္တရာယ်များအကြောင်း" ကို သရုပ်ဖော်ရန် ကြိုးစားသွားခဲ့ရာတွင် မှားယွင်းခဲ့ပါသည်။

ယခု ထည့်သွင်းစဉ်းစားသည့် ဗွီဒီယိုတွင် မြန်မာ့တပ်မတော်စစ်သားများက ရှမ်းပြည်မြောက်ပိုင်းတွင် အရပ်သားများကို ရိုက်နှက်ခြင်း၊ ထိုးနှက်ခြင်းနှင့် ကန်ကြောက်ခြင်းများ ပြုလုပ်နေသည်ကို ဖော်ပြထားသည်။ ထိုအကြောင်းအရာနှင့် ပတ်သက်ပြီး ကျွန်ုပ်တို့ ရိုက်ကူးထုတ်လုပ်လိုက်သော ရုပ်ရှင်တိုမှာ အလွန်လျင်မြန်စွာ ပျံ့နှံ့သွားခဲ့ပြီး မြန်မာနိုင်ငံ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရုံးနှင့် ဗွီဒီယိုထဲတွင် ပါဝင်နေသော အဖွဲ့အစည်းဖြစ်သည့် မြန်မာ့တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၏ ရုံးက ထိုအဖြစ်အပျက်ကို စုံစမ်းစစ်ဆေးရန် သဘောတူညီကြောင်း ထုတ်ပြန်ချက်များကို လေးရက်အတွင်း ထုတ်ပြန်ခဲ့သည်။

၎င်း၏ ငြင်းခုံမှုတွင် မစ္စတာ မက်သီစင်က ဤအဖြစ်သည် ရုပ်ရှင်ကို အပြုသဘောဖြင့် အသုံးပြုခြင်းကို ကိုယ်စားပြုသည် ဟူသော အချက်ကို ထည့်သွင်းခြင်း မရှိသည်သာမက အဓိက အချက်များကို မှားယွင်းစွာ ဖော်ပြခဲ့သည်။ ပထမဦးစွာ "လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့များသည် The New York Times တွင် ထိုရုပ်ရှင်မှာ မကြာသေးမီရက်များ သို့မဟုတ် ရက်သတ္တပတ်များက ရိုက်ကူးခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြ ကိုးကားခဲ့သည်။ သို့သော် ၎င်းမှာ နှစ်နှစ်ကြာခဲ့ပြီ ဖြစ်ကြောင်း ရလာဒ်အနေနှင့် ဆုံးဖြတ်တွေ့ရှိခဲ့ပြီး ပဋိပက္ခဆိုင်ရာ အစီရင်ခံစာများကို လူမှုကွန်ယက်တွင် တင်ရာ၌ မမှန်ကန်သောအခါ ကြုံရလာနိုင်သည့် အန္တရာယ်များကို ညွှန်ပြနေသည်" ဟု ရေးသားခဲ့သည်။

၎င်းတို့ရည်ညွှန်းသော *New York Times ပါ ဆောင်းပါးတွင်* Fortify Rights တစ်ဖွဲ့တည်းကို ကိုးကားထားပြီး ထိုရုပ်ရှင်ကို မကြာသေးမီရက်များ သို့မဟုတ် ရက်သတ္တပတ်များက ရိုက်ကူးခဲ့သည်ဟု ထိုဆောင်းပါးထဲတွင်ဖြစ်စေ အခြားတစ်နေရာတွင်ဖြစ်စေ ကျွန်ုပ်တို့က မပြောဆိုခဲ့ပါ။ ဆန့်ကျင်ဘက်အနေနှင့် ကျွန်ုပ်တို့သည် ရုပ်ရှင်ထဲတွင် "ဤရုပ်ရှင်နှင့် ပတ်သက်သော အသေးစိတ် အချက်အလက်များမှာ ဆက်လက် ထွက်ပေါ်နေဆဲဖြစ်သည်" ဟု ရှင်းလင်းစွာ ဖော်ပြခဲ့ပါသည်။ ကျွန်ုပ်တို့က *The New York Times နှင့် အခြားသတင်းဖြန့်ဝေရေးဌာနများကို ဤရုပ်ရှင်သည် မကြာသေးမီက ရှမ်းပြည်မြောက်ပိုင်းတွင် ဆက်လက်ဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခအတွင်း ရိုက်ကူးခဲ့ခြင်း ဖြစ်နိုင်သည်ဟု ကျွန်ုပ်တို့အနေနှင့် ယုံကြည်ရကြောင်း ပြောကြားခဲ့ပြီး ၎င်းအချက်မှာ မှန်ကန်နေပါသည်။*

သို့သော် ထိုရုပ်ရှင်ကို လွန်ခဲ့သော နှစ်ရက်က ရိုက်ကူးခဲ့သည်ဖြစ်စေ၊ သို့မဟုတ် လွန်ခဲ့သော နှစ်နှစ်က ရိုက်ကူးခဲ့သည် ဖြစ်စေ ထိုစစ်သားများ၏ လုပ်ဆောင်ချက်များမှာ မှားယွင်းခြင်း လျော့နည်းသွားမည် မဟုတ်သည့်အတွက် ချက်ချင်းစုံစမ်း စစ်ဆေးရန်နှင့် လျင်မြန်စွာ တာဝန်ယူ/ခံမှု ရှိစေရန် လုံးဝ လိုအပ်ပါသည်။ ဤအချက်မှာ အဓိကကျပါသည်။

ထိုရုပ်ရှင်မှာ လက်ရှိအချိန်အတွက် အကျုံးမဝင်တော့ပါဟု တစ်ဘက်တွင် မစ္စတာ မက်သီစင် က ငြင်းထားသော်လည်း ထိုဗွီဒီယိုသည် "အချိန်မတန်ခင်" အများပြည်သူကို အသိပေးလိုက်ခြင်းဖြစ်ပြီး "ဖေ့စ်ဘွတ်နှင့် တွစ်တာတို့မှ လျင်မြန်သော တောင်းဆိုမှုများ" ကို ဖြည့်ဆည်းပေးရန် ဖြစ်သည်ဟု ဆက်လက်ပြောကြားသောကြောင့် ရှုပ်ထွေးစရာပင်ဖြစ်သည်။

ဤဗွီဒီယိုမှာ "သတင်းတု" သို့မဟုတ် မစ္စတာ မက်သီစင်က ဖော်ပြသုံးနှုန်းသကဲ့သို့ "မူလတိုင်တန်းချက်များကို အရေးကြီးထင်ရှားစေရန် လိုအပ်သော စစ်ဆေးခြင်းနှင့် လေ့လာခြင်းများမပြုလုပ်ဘဲ မြှင့်တင်ပေးခြင်း" သို့မဟုတ် "အဆင့်ကျော်သတင်းရေးခြင်း" မဟုတ်ပါ။ မြန်မာအစိုးရ၏ ပါးနပ်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများဆိုင်ရာ အားကိုးရသည့် တိုင်တန်းချက် အစီရင်ခံစာများကို သတင်းမှား ဟု ဖော်ပြကာ ပယ်ချခြင်းများမပြုလုပ်ခင် မစ္စတာ မက်သီစင် ပြောသကဲ့သို့ပင် အလွဲသုံးစားပြုမှုဆိုင်ရာ အစီရင်ခံစာအားလုံးကို သေချာနှံ့စပ်စွာ စစ်ဆေးဝေဖန်သင့်သည်။

ဤအရာကိုပင် ကျွန်ုပ်တို့ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

Fortify Rights ရှိ ယခုစာရေးသူနှစ်ဦး၊ မြန်မာနိုင်ငံ လူ့အခွင့်အရေး အထူးပြုနှစ်ဦး၊ စွယ်စုံမီဒီယာ ကျွမ်းကျင်ပညာရှင် တစ်ဦးနှင့် ကျွန်ုပ်တို့၏ ဥပဒေရေးရာ ဒါရိုက်တာ ပါဝင်သော အဖွဲ့သည် ထို ၁၇ မိနစ်ကြာသော ဗွီဒီယိုကို အကြိမ်ရေ ဒါဇင်ပေါင်းများစွာ ကြည့်ခဲ့ပြီး အမြန်နှုန်းမျိုးစုံတွင် စစ်ဆေးဝေဖန်ခဲ့ခြင်း၊ အသံကို ဘာသာပြန်ခြင်းနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ကျွန်ုပ်တို့၏ အရပ်သားလူမှုအသိုင်းအဝိုင်းမှ လုပ်ဖော်ကိုင်ဖက်များနှင့် ဆက်သွယ်ခြင်းများကို ပြုလုပ်ခဲ့သည်။

ကျွန်ုပ်တို့သည် အစပိုင်းကတည်းကပင် အချက်အလက်အနည်းငယ်ကို ရှာဖွေအတည်ပြုခဲ့သည်။ အရပ်သားအင်္ကျီ ဝတ်ဆင်ထားသော အမျိုးသား ၁၈ ဦးကျော်နှင့် အမျိုးသမီး ၁ ဦးတို့ကို နှိပ်စက်နေသော မြန်မာ့တပ်မတော်စစ်သား နှစ်ဒါဇင်ကျော်နှင့် အနည်းဆုံး အရပ်သားဘက်မှ ဖြစ်လာသော စစ်သားလေးဦး ဗွီဒီယိုထဲတွင် ပါဝင်ကြောင်း ကျွန်ုပ်တို့သည် အတည်ပြုနိုင်ခဲ့သည်။ ဗွီဒီယိုထဲတွင် ကြိုးတုပ်ပြီး စစ်သားများက ရိုက်ခြင်းကို ခံရသော ဓားစာခံ ခြောက်ဦးမှာ မြန်မာနိုင်ငံ ရှမ်းပြည်မြောက်ပိုင်းတွင် နေထိုင်သော ထင်ရှားသည့် တိုင်းရင်းသား လူနည်းစုအုပ်စုဖြစ်သည့် တအာင်းလူမျိုးများဖြစ်သည်ကို ကျွန်တော်တို့ ထပ်မံ သိရှိခဲ့သည်။ အရေးကြီးသောအချက်မှာ ထိုအဖြစ်အပျက်သည် ရှမ်းပြည်နည်၊ ကွတ်ခိုင်တွင် ဖြစ်ပျက်ခဲ့နိုင်ခြေ ရှိသည်ကိုလည်း ကျွန်ုပ်တို့ ရှာဖွေတွေ့ရှိခဲ့သည်။

ကြိုးတုပ်ထားသော လက်နက်မဲ့ အမျိုးသားများထဲမှ သုံးဦးကို စစ်မေးရာတွင် မြန်မာ့တပ်မတော်စစ်သားများက (၃၂)ချက် ချက်ကန်ခဲ့ပြီး၊ (၄)ချက် လက်သီးနှင့်ထိုး၊ ပါးရိုက်ခဲ့ကာ ဦးထုပ်နှင့် (၃)ချက် ရိုက်ခဲ့သည်။ ဓားစာခံနှစ်ဦးမှာ ၎င်းတို့၏ မျက်နှာများနှင့် ပါးစပ်များမှ သွေးထွက်ခဲ့သည်။ ပြစ်မှုကျူးလွန်သူများ၏ ညာဘက်ပခုံးပေါ်ရှိ တပ်ဘက်ဆိုင်ရာ တံဆိပ်အကွက်များက ၎င်းတို့သည် ခြေလျင်အမြန်တပ်ရင်း (LID ၈၈) မှဖြစ်ကြောင်း ဖော်ပြနေသည်။

မြန်မာအာဏာပိုင်များအား စုံစမ်းစစ်ဆေးရန် တောင်းဆိုထားသော ရုပ်ရှင်ဖြစ်သည့် ထိုအဖြစ်အပျက်နှင့် ပတ်သက်သော (၈၆)စက္ကန့်ကြာ ရုပ်ရှင်ကို ထုတ်ပြီးနောက် (၂၄)နာရီအတွင်း၊ မေ (၂၈)ရက်တွင် ထုတ်ပြန်သော သတင်းထုတ်ပြန်ချက်တွင် ကျွန်ုပ်တို့အနေနှင့် ဤအရေးကြီးသော အချက်အလက်များ ပါဝင်ခဲ့သည်။

ဤရုပ်ရှင်သည် အစိုးရနှင့် စစ်တပ်တို့ထံမှ ရှားပါးပြီး ချက်ချင်းနီးပါး မြန်ဆန်သော တုံ့ပြန်မှုကို ရစေရုံသာမက သတင်းစာဆရာများကိုလည်း ထိုအဖြစ်အပျက်နှင့် ပတ်သက်ပြီး ပိုမိုနက်နက်နဲနဲ စုံစမ်းဖြစ်စေသောကြောင့် အချက်အလက်အသစ်များကို ရှာဖွေတွေ့ရှိခဲ့သည်။ ဥပမာအားဖြင့် ကျွန်ုပ်တို့အနေနှင့် ရုပ်ရှင်ကို ထုတ်လွှင့်ပြီး (၃)

ရက်အကြာတွင် ယခု ထောင်ချခံထားရသည့် ရော၀တီမှသတင်းထောက် လ၀ီ၀မ်သည် ထိုအဖြစ်အပျက်မှာ (၂၀၁၅) ခုနှစ် ဖွန်လတွင် ဖြစ်ပျက်ခဲ့ကြောင်း ကူညီအတည်ပြုပေးခဲ့သည်။ ကျွန်ုပ်တို့အနေနှင့်လည်း မြန်မာ့တပ်မတော်က ရုပ်ရှင်ထဲတွင် ပါဝင်သည့် လူများထဲမှ လေးယောက်ကို လအနည်းငယ်ကြာ ဖမ်းဆီးထိန်းသိမ်းပြီးနောက်တွင် ပြန်လည်လွှတ်ပေးခဲ့သည် ဟူသည့် ဝမ်းသာဖွယ်သတင်းကို ရရှိခဲ့သည်။

မှားယွင်းစွာ သတင်းအစီရင်ခံခြင်း သို့မဟုတ် ချဲ့ကားပြောဆိုခြင်း မဟုတ်သည့်အပြင် ဤအဖြစ်အပျက်သည် အချက်အလက်များကို တည်ဆောက်ရန်၊ လူ့အခွင့်အရေးကို မြှင့်တင်ကာကွယ်ရန်နှင့် အစိုးရ၏ အရေးယူဆောင်ရွက်မှုကို လှုံ့ဆော်ပေးရန်အတွက် ဗွီဒီယိုနှင့် ရုပ်ရှင်ကို တာဝန်သိစွာ အသုံးပြုခြင်းကို ဖော်ပြနေသည်။

မစ္စတာ မက်သီစင်၏ ဆောင်းပါးတွင် ရခိုင်ပြည်နယ်ရှိအခြေအနေကိုလည်း ရည်ညွှန်းကာ သတင်းလိမ် များနှင့် လုပ်ကြံဖန်တီးထားသော ဗွီဒီယို ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ၎င်းက မြန်မာ့တပ်မတော်က ရိုဟင်ဂျာ မွတ်စလင်များအပေါ် ကျူးလွန်သည့် "ပျံ့နှံ့နေသော အလွဲသုံးစားပြုမှုများဆိုင်ရာ စိတ်ပျက်စရာကောင်းသည့် အစီရင်ခံစာများ" ဖြစ်ကြောင်း အသိပေးဖော်ပြခဲ့ပြီး မြန်မာအာဏာပိုင်များအနေနှင့် ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့် "အလွဲသုံးစားပြုမှုများဆိုင်ရာ အစီရင်ခံစာများကို ငြင်းဆန်ရန် မတိကျသော သတင်းမီဒီယာ"ကို ဒိုင်းအနေနှင့် အသုံးပြုသည် ဟု ဖော်ပြခဲ့သည်။

၂၀၁၂ ကတည်းက တက်ကြွလှုပ်ရှားသော အဖွဲ့အစည်းမျိုးစုံသည် အခြားနိုင်ငံများမှ အခြေခံသည့် အင်တာနက်မှရရှိသော ဓာတ်ပုံများနှင့် ဗွီဒီယိုများကို ထုတ်ဝေကာ ၎င်းတို့သည် မြန်မာ့တပ်မတော်က ရိုဟင်ဂျာ အမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးများကို ရခိုင်ပြည်နယ်တွင် ကျူးလွန်သည့် လူ့အခွင့်အရေးဖောက်ဖျက်မှုများ၏ သက်သေကို ကိုယ်စားပြုသည်ဟု စွပ်စွဲ သို့မဟုတ် ယူဆခဲ့ကြသည်။

ဤကိစ္စနှင့် ပတ်သက်ပြီး မစ္စတာ မက်သီစင်က "လုပ်ကြံဖန်တီးထားသော ဗွီဒီယိုနှင့် ဓာတ်ပုံအများစုမှာ နိုင်ငံတကာ အသိုင်းအဝိုင်းက ဝင်ရောက်စွက်ဖက်ပြီး ဖိအားပိုမိုပေးစေရန် သတိထားမိရေးအတွက် အသည်းအသန် အလျင်စလို ပြုလုပ်သော လုပ်ဆောင်ချက်များပင် ဖြစ်သည်"ဟု ပြောဆိုခဲ့ရာ ရခိုင်ပြည်နယ်ရှိ အခြေအနေနှင့် ပတ်သက်ပြီး အများကဲ့သို့ပင် အထင်အမြင်လွဲမှားနေသည်ကို တွေ့ရသည်။ ဤတွင် ၎င်းက "ရိုဟင်ဂျာ တက်ကြွလှုပ်ရှားသူများနှင့် ၎င်းတို့၏ အပေါင်းအပါများက လုပ်ကြံဖန်တီးထားသော ဗွီဒီယိုနှင့် ဓာတ်ပုံများကို" ရည်ရွယ်ချက်ရှိရှိနှင့် ထုတ်လွှင့်ခဲ့သည်ဟု ထင်မြင်ချက်ပေးခဲ့သည်။

ရိုဟင်ဂျာ လူ့အခွင့်အရေး ကာကွယ်သူများနှင့် အလုပ်တွဲလုပ်သည့် ကျွန်ုပ်တို့၏ အတွေ့အကြုံ အပါအဝင် ရခိုင်ပြည်နယ်နှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်တွင် အသက်ရှင်ကျန်သော ရာနှင့်ချီသည့် ရိုဟင်ဂျာများကို မေးမြန်းခဲ့သည့် အသေးစိတ် မြေပြင် အင်တာဗျူးများ လုပ်ဆောင်ခြင်းမှ ရသည့် အတွေ့အကြုံများအရ ဤအကြောင်းအရာတွင် ပါဝင်သည့် သတင်းအချက်အလက်မှားမှာ ရည်ရွယ်ချက်ရှိရှိနှင့် သို့မဟုတ် လှည့်စားသည့်အနေနှင့် ပေးခဲလှကြောင်း သိရသည်။

ထိုသို့မဟုတ်သည့်အပြင် ကြောက်စရာကောင်းလှပြီး ပြောပြ၍ မရနိုင်သော အဖြစ်ဆိုးများနှင့် ကြုံတွေ့ပြီး ရှင်သန်ကျန်ရစ်ခဲ့သူများသည် ၎င်းတို့၏ အဖြစ်အပျက်များနှင့် အလွန်နီးစပ်စွာ တူနေပြီး ကိုယ်စားပြုနေသော အခြား အချိန်များမှ သို့မဟုတ် အခြားအကြောင်းအရာနှင့်ဆိုင်သော ကြောက်စရာကောင်းသည့် အဖြစ်အပျက်များကို ဖော်ပြသော ထိုဂရပ်ဖစ် ဗွီဒီယိုများနှင့် ရုပ်ရှင်များကို မကြာခဏ မြင်ရသောအခါ ၎င်းတို့အနေနှင့် ထိုရုပ်ရှင်များကို သက်သေအနေနှင့် အသုံးပြု၍ရသည်ဟု အမှန်တကယ် ယုံကြည်သွားကြသည်။ ၎င်းတို့က မြန်မာ့တပ်မတော်၏ ၎င်းတို့ကို ဆက်ဆံခဲ့မှုများကို ကမ္ဘာက သိစေချင်သည့်အတွက် ထိုဓာတ်ပုံများနှင့် ဗွီဒီယိုများကို ဖြန့်ဝေကြသည်။ ၎င်းတို့အနေနှင့် တာဝန်ယူ/ခံမှု လိုချင်ကြသည်။

အဘယ်ကြောင့် ထိုသတင်းအချက်အလက်အမှားများကို မည်သို့ ဖြန့်ချိသည်ကို ပိုမိုနက်နက်နဲနဲ သိရှိအောင် မပြုလုပ်ဘဲ ရိုဟင်ဂျာများကို အတည်မပြုရသေးသော သို့မဟုတ် "မှားယွင်းသော" ဓာတ်ပုံများနှင့် ဗွီဒီယိုများကို ဖြန့်ဝေသည့်အတွက် အပြစ်တင်ပါက ကောင်းကျိုးရရှိရန် မဖြစ်နိုင်ပါ။

သတင်းမီဒီယာအမှားကို ရည်ရွယ်ချက်ရှိရှိ ဖြန့်ဝေခြင်းအတွက် အကြောင်းပြချက် မရှိကြောင်း ကျွန်ုပ်တို့မှ ရှင်းရှင်းလင်းလင်း ပြောလိုပါသည်။ သို့သော် ဘီဘီစီ သတင်းထောက် ဂျိုနာဖစ်ရှာနှင့် အခြားသူများ၏ ပြောဆိုချက်အတိုင်းပင် ရိုဟင်ဂျာ လူ့အခွင့်အရေးကာကွယ်သူများ၏ ကြိုးပမ်းမှု အများစု၏ ကျေးဇူးကြောင့်ပင် ခိုင်ပြည်နယ်မှရရှိသည့် ဓာတ်ပုံနှင့် ဗွီဒီယိုများမှာ အတု မဟုတ်ဘဲ သေချာပေါက် အစစ်ဖြစ်နေသည်များ ထပ်မံများစွာ ရှိပါသည်။

ရုပ်ရှင်နှင့် လူမှုကွန်ယက် သတင်းမီဒီယာ ကြားခံများ အပါအဝင် ကိရိယာများ အားလုံးကို ကျွန်ုပ်တို့ စိတ်တိုင်းကျ အသုံးပြုပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများကို အဆုံးသတ်ပြီး အမှန်အတိုင်းဖြစ်စေရေး ကြိုးပမ်းရန် အချိန်တန်ပါပြီ။

*မက်သရူးစမစ်သည် Fortify Rights ၏ အမှုဆောင်အရာရှိချုပ် ဖြစ်ပြီး အေမီစမစ်သည် Fortify Rights ၏ အမှုဆောင်ဒါရိုက်တာ ဖြစ်သည်။*